# COVID-19 ရောဂါနှင့်ပတ်သက်၍ အသိပေးကြေညာခြင်း

၁။ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စတင်ဖြစ်ပွားသော COVID-19 ရောဂါသည် ဆွစ်ဇာလန် နိုင်ငံ၌လည်း အများအပြား ကူးစက်ဖြစ်ပေါ်လျက်ရှိပါသည်။ ၁၁-၃-၂၀၂၀ ရက်နေ့၊ ဆွစ် ကျန်းမာရေးဝန်ကြီးဌာန (Federal Office of Public Health) ၏ တရားဝင်ထုတ်ပြန် ကြေညာချက်အရ ဆွစ်ဇာလန်နိုင်ငံ၌ အတည်ပြုထားသည့် ရောဂါဖြစ်ပွားသူ (၆၁၃) ဦးနှင့် ရောဂါကြောင့်သေဆုံးသူ (၄) ဦး ရှိပြီး ဖြစ်ကြောင်း သိရှိရပါသည်။

၂။ ၂၈-၂-၂၀၂၀ ရက်နေ့တွင် ဆွစ်အစိုးရမှ COVID-19 ရောဂါနှင့်ပတ်သက်၍ ဆွစ်ဇာလန်နိုင်ငံ၌ လတ်တလော ဖြစ်ပွားနေသော အခြေအနေအား ဆွစ် Epidemic Act အရ “အထူးအခြေအနေ” အဖြစ် သတ်မှတ်ကြေညာခဲ့ပြီး လူဦးရေ ၁၀၀၀ ထက်ပိုသော အစိုးရ၊ ပုဂ္ဂလိက “large-scale events” များ ကျင်းပခြင်းကို ၂၈-၂-၂၀၂၀ ရက်နေ့မှ စတင်၍ ၁၅-၃-၂၀၂၀ ရက်နေ့ အထိ တားမြစ်ပိတ်ပင်ထားပါသည်။ ထို့အပြင် ၁၁-၃-၂၀၂၀ ရက်နေ့တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ COVID-19 ရောဂါအား “ကမ္ဘာ့ကပ်ရောဂါ” (Pandemic) အဖြစ် ထုတ်ပြန် ကြေညာခဲ့ပါသည်။ အလားတူ ၁၁-၃-၂၀၂၀ ရက်နေ့တွင် ဆွစ်ဇာလန်နိုင်ငံ တောင်ပိုင်း Ticino ပြည်နယ်တွင် အရေးပေါ် အခြေအနေကို ကြေညာခဲ့ပါသည်။

၃။ သို့ဖြစ်ရာ ဆွစ်ဇာလန်နိုင်ငံရောက် မြန်မာနိုင်ငံသားများအနေဖြင့် COVID-19 ရောဂါ နှင့်ပတ်သက်၍ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၏ အကူအညီ တစ်စုံတစ်ရာ လိုအပ် ပါက ဂျီနီဗာမြို့၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးမှ ဒေါ်ခင်ချမ်းမြေ့၊ ဒုတိယအတွင်းဝန်၊ တယ်လီဖုန်းအမှတ် +၄၁-၂၂၉၀၆၉၈၇၀/၇၁(ရုံး)၊ လက်ကိုင်ဖုန်းအမှတ် +၄၁-၇၇၉၈၇၄၇၁၈ သို့လည်းကောင်း၊ ဦးကျော်ကျော်လွင်၊ တတိယအတွင်းဝန်၊ လက်ကိုင်ဖုန်းအမှတ် +၄၁-၇၆၆၁၈၄၀၂၅ သို့လည်းကောင်း ဆက်သွယ်နိုင်ပါကြောင်း ဖော်ပြအပ်ပါသည်။

၄။ မြန်မာနိုင်ငံသားများအနေဖြင့် ဆွစ်ဇာလန်နိုင်ငံအတွင်း COVID-19 ရောဂါနှင့် ပတ်သက်၍ ဖြစ်ပေါ်မှုများကို အချိန်နှင့်တပြေးညီ စောင့်ကြည့်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ဆွစ်ဇာလန်ဗဟိုအစိုးရ၊ ပြည်နယ်အစိုးရအပါအဝင် သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ ညွှန်ကြားချက်များ၊ အကြံပြုချက်များအား လိုက်နာဆောင်ရွက်ကြပါရန် အကြံပြု အကြောင်း ကြားအပ်ပါသည်။

မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ ဂျီနီဗာမြို့၊
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၂ ရက်။